
**ဗောက်ပင်**

Scientific name - *Physalis angulata* L.

Common name - Cutleaf groundcherry

Family - Solanaceae




အပင်ပုံသဏ္ဍာန်

တစ်နှစ်ခံပင်ပျော့မျိုးဖြစ်သည်။ ပင်စည်သည် ထောင်မတ်ပြီး ကိုင်းဖြာထွက်သည်။ ၁ - ၂ မီတာ အမြင့်ရှိသည်။ ရေသောက်မြစ်ပါသော အခေါင်းပွပင်စည်ဖြစ်ပြီး ထောင့်စင်းများပါရှိသည်။ အရွက်သည် ရွက်လွှဲထွက်ပြီး ဥဖျားသွယ်ပုံရှိသည်။ အရွက်မျက်နှာပြင်နှစ်ခုစလုံး ချောမွတ်သည်။ ပန်းခိုင်သည် ပန်းပွင့်တစ်ပွင့်တည်းသာရှိသော ကြားထွက်ပန်းခိုင်ဖြစ်သည်။ ပွင့်ညှာရှိသည်။ ပွင့်ချပ်အုံသည် အဝါဖျော့ရောင်ရှိပြီး အဝိုက်ငါးခုပါသည်။ ပွင့်ချပ်အုံတွင် ထင်ရှားသောအကြောများရှိပြီး မကြွေကျဘဲ ပူဖောင်းပုံသဏ္ဍာန် ဖြစ်ပေါ်နေသည်။ ပွင့်ချပ်အုံသည် အသီးကိုအုပ်လျက်ရှိပြီး အသီးသည် လိမ္မော်ရောင်ဘယ်ရီအမျိုးအစားဖြစ်၍ မှည့်သောအခါပွင့်ချပ်အုံသည် အညိုဖျော့ရောင်ဖြစ်လာသည်။ လုံးဝိုင်းသော အစေ့များစွာပါရှိသည်။ အစေ့အားဖြင့် မျိုးပွားသည်။